**ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှုနှင့်**
**မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**
**ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ မေလ ၁၆ ရက်၊ ၂၀၁၄**

**နေပြည်တော်၊ ပြည်ထောင်စု အစိုးရ**

| အမျိုးအစား | တက်ရောက်လာကြသူများထံမှ အကြံပြုချက်များ | မှတ်ချက် |
|---|---|---|
| | ထိရောက်သည့် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးအတွက် တောင်သူများအား အတိုးနှုန်း သက်သာသည့် ကာလရှည် ချေးငွေများ ထုတ်ချေးပေးသင့် သည်။ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရေးတွင် ချေးငွေကို ကာလ ရှည် ထုတ်ချေးပေးပြီး နည်းပညာ အကူအညီများ ပံ့ပိုးပေးရန် လိုအပ် သည်။ ထို့အပြင် စာရင်းဇယား ကောက်ယူမှု ပိုမိုတိကျရန် လိုအပ်ပြီး သတင်းအချက်အလက် ဖြန့်ဝေပေးရန်လည်း လိုအပ်သည်။ လမ်းပန်း ဆက်သွယ်မှု ကွန်ယက်များ တိုးတက်ရန်လည်း လိုအပ်သည်။ | |
| | တောင်သူများ၏ ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ရေးအတွက် စိုက်ပျိုးရေး နည်းပညာကောင်းများ တိုးတက်စေရန် နည်းပညာ အကူအညီများ ပံ့ပိုးပေး ရမည် ဖြစ်ပြီး၊ အရည်အသွေးကောင်း မျိုးစေ့များနှင့် စက်အစားထိုး အသုံးပြုမှုတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။<br><br>ယာဉ်များ လွယ်ကူစွာ ဝင်ရောက်နိုင်ရန်အတွက် လယ်ယာမြေများ စနစ် ကျနစွာ အကွက်ဖော်မှု စနစ်ကို လုပ်ဆောင်နေပါသည်။<br><br>စိုက်ပျိုးရေး သွင်းအားစုများ (မျိုးစေ့၊ မြေသြဇာနှင့် ပစ္စည်းကိရိယာ) တင်သွင်းသည့် စည်းမျဉ်းစည်းကမ်းများ ကိုလည်း အဆင့်မြှင့်တင်ရန် လို အပ်သည်။ တင်သွင်းလာသည့် စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းများ မြန်မာ နိုင်ငံနှင့် ကိုက်ညီမှု ရှိ/မရှိ ဆုံးဖြတ်ရန်အတွက် စမ်းသတ်ရန် ဌာနတစ်ခုကို လည်း တည်ထောင်လိုပါသည်။<br><br>တောင်သူများ ဆင်းရဲနွမ်းပါးမှုကို တိုက်ရိုက် ကျော်လွှားနိုင်ရန်အတွက် စပါးနှင့် အခြားသီးနှံ အထွက်နှုန်းများကိုလည်း မြှင့်တင်ရန် လိုအပ်ပါသည်။ အထွက်နှုန်းနှင့် ပတ်သက်လျှင် တိုးတက်မှုအချို့ရအောင် ဆောင်ရွက်နိုင် ခဲ့သော်လည်း အရည်အသွေးမှာ တိုးတက်မှု မရှိသည့်အတွက် တောင်သူ များ ဈေးကောင်း မရရှိချေ။ တောင်သူများ တိုက်ရိုက် အကျိုးရရှိစေရန် အတွက် ယခုအခါ တန်ဖိုးမြှင့်သည့် နည်းလမ်းများကို ရှာဖွေနေပါသည်။<br><br>တောင်သူများ သတင်းအချက်အလက် ရရှိမှု တိုးတက်အောင်လည်း ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။<br><br>တောင်သူများ သီးနှံရွေးချယ်မှုနှင့် ပတ်သက်ပြီး အကူအညီပေးရန် လိုအပ် ပါသည်။ လောလောဆယ်၌ ထိုကိစ္စနှင့် ပတ်သက်ပြီး ပြဿနာများ ရှိနေပါ သည်။ ထိုပြဿနာကြောင့် သီးနှံအချို့မှာ ပိုလျှံမှုဖြစ်ကာ ဈေးကွက်ပေါက် ဈေးများ ထိုးကျပြီး တောင်သူများ ဆုံးရှုံးမှုဖြစ်ပေါ်နေသည်။ တောင်သူများ ထုတ်လုပ်သည့် ထုတ်ကုန်များအား ထိန်းချုပ်ပေးရန် လိုအပ် ပါသည်။ စိုက်ပျိုးသင့်သည့် | |

| | | |
|---|---|---|
| | သီးနှံအမျိုးအစားများကို တောင်သူများအား အကြံပေး သင့်ပါသည်။<br><br>တောင်သူများအတွက် အသေးစား ချေးငွေများလည်း ပံ့ပိုးပေးရန် လိုအပ်သည်။<br><br>လူမှု အကာအကွယ်ပေးသည့် စနစ်တစ်ခု တည်ဆောက်ရန်အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ဘဏ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရန် လိုအပ်သည်။ ယခုအခါ လူမှု အကာအကွယ်ပေးရေးအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းဆောင် ရွက်မှု ကော်မတီတစ်ခု ရှိနေပါသည်။ ထိုကော်မတီတွင် အစိုးရဝန်ကြီးများ နှင့် ကမ္ဘာ့ဘဏ်အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်များ ပါဝင်သည်။ ထိုကော်မတီက ဝန်ဆောင်မှုပေးရန်အတွက် စွမ်းဆောင်ရည် တည်ဆောက်ရာတွင် အကူအညီပေးလျက်ရှိသည်။ | |
| | ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု အကျုံးဝင်စေရန်နှင့် ပတ်သက်ပြီး ချမ်းသာသူနှင့် ဆင်းရဲနွံပါးသူများ စနစ်တကျ ရံပုံငွေ ဖလှယ်သည့် နည်းလမ်းဖော်ဆောင်ရန် အရေးကြီးသည်။ အနာဂတ်တွင် အမျိုးသား ကျန်းမာရေး အာမခံစနစ်အား မိမိတို့ တည်ထောင် နိုင်ခြင်းမရှိပါက ဆင်းရဲနွမ်းပါးသူများအား ကာကွယ်ပေးရန် အလွန်ခက်ခဲ မည်ဖြစ်သည်။ | |
| | ယခုလတ်တလောတွင် ပင်စင်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၌ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ကမ္ဘာ့ဘဏ်မှ လုပ်ထုံးလုပ်နည်း ဆိုင်ရာ အကူအညီများ မိမိတို့လိုအပ်ပါသည်။ အထူးသဖြင့် အီလက် ထရောနစ် ဒေတာဘေ့စ် နှင့် ထိရောက်သော ရံပုံငွေ စီမံခန့်ခွဲမှု စနစ်များ တည်ထောင်ရန် လိုအပ်ပါသည်။<br><br>ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ပြီး သာတူညီမျှ ကြွယ်ဝမှုများ ရရှိရန် အောက်ပါ အချက်များ လိုအပ်သည် --<br><br>1. စိုက်ပျိုးရေး ဝင်ငွေတိုးတက်စေရန်<br>2. ပုဂ္ဂလိက ကဏ္ဍတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရန်<br>3. လူမှုရေး ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံရန် | |
| | ရာသီဥတု ပြောင်းလဲမှုကြောင့် တောင်သူများ၏ ဝင်ငွေ တည်ငြိမ်မှုမရှိချေ။ တောင်သူများအား ထိုအကြပ်အတည်းမှ ကာကွယ်ရန်အတွက် အာမခံ စနစ်တစ်ခု တည်ထောင်ရန် လိုအပ်သည်။ | |

| | | |
|---|---|---|
| | အသေးစား ငွေရေးကြေးရေး လုပ်ငန်းတွင် စီးပွားရေးနှင့် လူမှုရေး စံ ၂ ခုလုံးကို ဖန်တီးပေးသည့် အဓိက အချက် ၂ ခုရှိသည်။ ဆင်းရဲနွမ်းပါး သူများအတွက် ထိရောက်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တည်ထောင်ပေးသည့် မျှခြေညီသော စနစ်တစ်ခု တည်ထောင်ရန် မိမိတို့ နည်းပညာအကူအညီ လိုအပ်သည်။ | |
| | ထုံးတမ်းစဉ်လာ စိုက်ပျိုးရေး နည်းစနစ်များမှာ ထုတ်လုပ်နိုင်စွမ်း မကောင်းတော့ချေ။ စက်ပစ္စည်းများ အစားထိုးသုံးစွဲမှုကို ကူညီထောက်ပံ့ရန်အတွက် ချေးငွေသေချာစွာ ပြန်လည်ပေးဆပ်စေမည့် နည်းလမ်းတစ်ခုနှင့် အတူ ပိုမိုထိရောက်မှုရှိသော ချေးငွေစနစ်တစ်ခု ထူထောင်ရန် လိုအပ်သည်။ စိုက်ပျိုးရေး စနစ်အများအပြားမှာ အိမ်ခြံမြေအား အပေါင်ထားသည့် စနစ် အပေါ် အခြေခံထားသည်။ သို့ရာတွင် မိမိတို့၏ မြန်မာ့စီးပွားရေးဘဏ် သည် ကျေးရွာများတွင် ဘဏ်ခွဲများ မရှိသည့်အတွက် ထိုနည်းလမ်းမှာ လောလောဆယ် မဖြစ်နိုင်ချေ။ ထိုချေးငွေ အမျိုးအစားကို ပံ့ပိုးပေးရန် ဘဏ်လုပ်ငန်းတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ အကူအညီများ လိုအပ်သည်။ | |
| | ပုဂ္ဂလိက ကဏ္ဍ ချေးငွေများ အတွက် IFC ထံမှ ကူညီထောက်ပံ့မှုကို ယခုထိ မရသေးသည့်အတွက် လောလောဆယ်တွင် အတိုးနှုန်းများမှာ ၁၃ သို့မဟုတ် ၁၄% တွင် ရှိနေသည်။ နိုင်ငံခြား ကုမ္ပဏီများမှာ အတိုးနှုန်း ၃ - ၄% ဖြင့် ငွေကြေးရရှိနေသည့်အတွက် မြန်မာကုမ္ပဏီများ ယှဉ်ပြိုင်ရန် မဖြစ်နိုင်ချေ။ ဒုတိယ ကမ္ဘာစစ် ဖြစ်ပွားပြီးနောက် ဂျပန်ကုမ္ပဏီများ စက်မှုထွန်းကားရန် ကြိုးပမ်းနေချိန်တွင် ကမ္ဘာ့ဘဏ်က ဂျပန်ဖွံ့ဖြိုး တိုးတက်ရေး ဘဏ်သို့ ငွေသားဖြင့် ချေးငွေများ ထုတ်ချေးပေးခဲ့သည်။ ထိုငွေများကို SME များအတွက် ချေးငွေထုတ်ချေးရာတွင် အသုံးပြုခဲ့သည် ဟု ကြားသိဖူးသည်။ ယင်းသည် အလွန်ထိရောက်မှုရှိသော အစီအစဉ်ပင် ဖြစ်သည်။<br><br>အကယ်၍ ဗဟိုချုပ်ကိုင်မှုကို လွှဲပြောင်းပေးပြီး အစိုးရပိုင် လုပ်ငန်းများ၏ လုပ်ဆောင်မှု တိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်က ဘက်စုံကဏ္ဍ ကူညီထောက်ပံ့မှု ပြုလုပ်ပေးနိုင်လျှင် စီးပွားရေး တိုးတက်လာမည် ဖြစ်သည်။ | |
| | ဆင်းရဲနွမ်းပါးမှု လျှော့ချရန် ဦးစားပေး နည်းလမ်း များစွာရှိပါသည်။ နယ်စပ်ဒေသရှိ တောင်သူများ၏ အခြေအနေကို ဆွေးနွေးလိုပါသည်။ ထိုနေရာ၏ အခြေအနေမှာ နိုင်ငံ၏ အခြားနေရာများရှိ အခြေအနေနှင့် များစွာကွာခြားမှု ရှိနေသည်။ ထိုနေရာများတွင် ငြိမ်းချမ်းရေး မရှိပါ။ ဆင်းရဲနွမ်းပါးမှု လျှော့ချမည့် ဦးစားပေးဇရိယာများကို တိတိကျကျ သတ်မှတ်ရန်လိုသည်။ လောလောဆယ်တွင် ဒုက္ခသည်များသည် လူမှု အကာအကွယ် ပေးမှုနှင့် အလုပ်အကိုင် ဖန်တီးပေးမှုများ လိုအပ်နေသည်။ | |
| | အလွန်ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန် အရေးအကြီးဆုံးအရာများမှာ အလုပ် အကိုင် ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့် သင် တန်းပေးခြင်း နှင့် အခြေခံပညာရေး တို့ဖြစ်သည်။ | |

| | | |
|---|---|---|
| | မိမိတို့ နိုင်ငံတွင် နယ်ပယ်အသီးသီး၌ စိန်ခေါ်မှု အမျိုးမျိုး ရှိနေသည်။ လူဦး ရေ၏ အများစုမှာ မြန်မာလူမျိုးများ ဖြစ်သည်။ သို့ရာတွင် လူနည်း စုများအတွက် စဉ်းစားပေးရန် လိုအပ်သည်။ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး အတွက် အများနှင့်ဆိုင်သော နည်းဗျူဟာ မူဝါဒတစ်ခုကို မိမိတို့ တည် ထောင်ရမည်ဖြစ်သည်။ နည်းဗျူဟာ တစ်ခုက လူနည်းစု အားလုံးနှင့် ကိုက်ညီနိုင်မည်မဟုတ်ချေ။ မိမိတို့ နိုင်ငံအတွက် သင့်တော်သည့် နည်းဗျူ ဟာတစ်ခု ချမှတ်ရန် ကမ္ဘာ့ဘဏ်မှ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကူညီ ထောက်ပံ့မှုကို လိုအပ်သည်။ | |
| | မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်သား များစွာရှိသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာ မူဝါဒများသည် အထွက်နှုန်း တိုးရေးအပေါ်သာ မကြာခဏ အဓိကထားလေ့ရှိသည်။ သို့သော် မြေသြဇာများကို သင့်တော် စွာ အသုံးပြုရေး အတွက် မိမိတို့ စဉ်းစားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ တွင် တောင်သူများသည် မြေသား စမ်းသပ်မှု ပြုလုပ်နိုင်ခြင်း မရှိသည့် အတွက် မည်သည့် ဓာတ်မြေသြဇာ အမျိုးအစား လိုအပ်သည်ကို မသိကြ ချေ။ တစ်ခါတစ်ရံ မြေသြဇာများကြောင့် မြေဆီလွှာများ ပျက်စီးရသည်။ ကျေးလက်ဒေသတွင် မြေဆီလွှာ စမ်းသပ်သည့် နည်းလမ်းများ တည်ထောင်ရန် လိုအပ်ပြီး တောင်သူများကိုလည်း မြေဆီလွှာ အခြေအနေ နှင့် ဓာတ်မြေသြဇာ စီမံခန့်ခွဲရေးနှင့် ပတ်သက်ပြီး သင်ကြားပေးရန် လိုသည်။ | |
| | မြန်မာနိုင်ငံသည် ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် သင့်တော် သည့် စည်းမျဉ်းစည်းကမ်းများ ယခုထိ ရေးဆွဲခြင်း မရှိသေး သော ကမ္ဘာပေါ် ရှိ တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ ထိုကိစ္စကို မိမိတို့ စတင်လုပ်ဆောင်နေပြီး ပန်းတိုင်ရောက်ရှိရန် အဝေးကြီးလိုသေးသည်။ ထို့ကြောင့်လည်း အတုအပ ပစ္စည်းအများအပြား ရှိနေသည်။<br><br>ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဌာနအတွက် ဥပဒေရေးဆွဲရန် လိုအပ်သည်။ ထိုဥပဒေကို ဒီဇင်ဘာလတွင် အပြီးသတ်ရေးဆွဲရန် ကြိုးပမ်းနေသည်။ လုပ်ဆောင်ရာတွင် အဆင့်များစွာရှိသည့်အတွက် အချိန်ယူကာ သေချာစွာလုပ်ဆောင်ရန် လိုအပ်သည်။ တီထွင်ရေးဆွဲသည့် မိတ်ဖက် တစ်ဦးကို ရွေးချယ်ထားပြီး ဖြစ်ပြီး လောလောဆယ်တွင် စည်းမျဉ်း စည်းကမ်းများ ရေးဆွဲနေသည်။ | |
| | ရာသီဥတု ပြောင်းလဲမှုသည် တောင်သူများနှင့် အခြားသော ကဏ္ဍများ အတွက် အရေးပါသည့် ကိစ္စတစ်ခုဖြစ်သည်။ ရာသီဥတု ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် စွမ်းဆောင်ရည် တည်ဆောက်ရေးအတွက် နည်းပညာဆိုင်ရာ ကူညီထောက်ပံ့မှုများ မိမိတို့လိုအပ်သည်။ | |
| | စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ချိန်က ချင်းပြည်နယ်တွင် အလွန်ဆင်းရဲ နွမ်းပါးသူများ နေထိုင်ကြပြီး ထောက်ပံ့ငွေများ ၎င်းတို့ထံရောက်ရှိ သော် လည်း အချို့မှာလွန်စွာ ဆင်းရဲကြသည်ကို တွေ့ရသည်။ ချင်းလူမျိုးစု ၅၃ မျိုးရှိသည်။ ချင်းပြည်နယ်၏ သယ်ယူပို့ဆောင်ရေးမှာ အလွန်ဆိုးဝါးသည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လမ်းများတည်ဆောက်ပေးခြင်းသည် ထိရောက်သော | |

| | | |
|---|---|---|
| | နည်းလမ်းတစ်ခုဖြစ်မည်ဟု အကြံပြုလိုပါသည်။ | |
| | သတ္တုတူးဖော်ရေး လုပ်ငန်းသည် မြန်မာ့စီးပွားရေးအတွက် အရေးပါသည်။ မြန်မာနိုင်ငံတွင် သတ္တုတူးဖော်ရေး စီမံကိန်း ၂၀၀၀ ကျော်ရှိသည်။ ၎င်းတို့ အနက် အများစုမှာ ပမာဏ အသေးစား (၁ ဧကအောက်) ဖြစ်သည်။ မြန်မာနိုင်ငံတွင် တရားမဝင် သတ္တုတူးဖော်ရေး လုပ်ငန်းများစွာ ရှိသည်။ မိမိတို့ အစိုးရအုပ်ချုပ်ရေးပိုင်းတွင် အလွန်အားနည်းမှုရှိပြီး ထိုသတ္တုတွင်း အများစုမှာ ဝေးလံသည့် အစွန်အဖျား ဧရိယာများတွင် ရှိနေသည်။ ၎င်းတို့ အနက် အချို့မှာ သဘာဝပတ်ဝန်းကျင်အပေါ် အလွန်ပင် ဆိုးကျိုး သက်ရောက်နေသည်။ ထိုကိစ္စအပေါ် အလေးထားမိစေရန်အတွက် ထိုဒေသများအတွင်း သင်တန်းပေးမှုများ ပြုလုပ်ပေးရန် လိုအပ်သည်။ သတ္တုတွင်း လုပ်ငန်းများတွင် လုပ်ကိုင်နေသူ အများစုသည် ပညာမတတ် သူများ ဖြစ်ပြီး ၎င်းတို့၏ ကာယခွန်အားကိုသာ အသုံးပြုကြသည်။ မတော် တဆမှုများ၊ ပြဿနာများ များစွာရှိနေသည်။ အသက်မွေးဝမ်းကျောင်း ဆိုင် ရာ သင်တန်းများပေးရန် အရေးပေါ် လိုအပ်နေသည်။<br><br>NSSA နှင့် ပူးပေါင်းဆောင်ရွက်ကာ သတ္တုတူးဖော်ရေး ကဏ္ဍကို ပုဂ္ဂလိက ပိုင် ပြုလုပ်ရန် နောက်တစ်ကြိမ်ကြိုးပမ်းနေသည်။ ထိုကိစ္စကို ကမ္ဘာ့ဘဏ် က အကူအညီပေးနိုင်မည်ဆိုလျှင် သတ္တုတွင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကျိုးရှိမည်ဖြစ်သည်။ | |
| | ယခုအခါ အထူးစီးပွားရေးဇုန် တည်ထောင်နေသည့်အတွက် (အာဆီယံ အသိုက်အဝန်းသို့ တင်ပို့ရောင်းချရန်) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ပေးရန်အရေးကြီးသည်။ ကဏ္ဍအားလုံးတွင် မိမိတို့၏ ရိုးရာထုတ်လုပ်မှု နည်းစနစ်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လုံလောက်အောင် တိုးတက်မှုမရှိသေးချေ။ `<br><br>ဝန်ကြီးဌာန ၁၈ ခုတွင် သင်တန်းကျောင်းများ ဖွင့်လှစ်ထားသော်လည်း ပစ္စည်းကိရိယာများ လိုအပ်ပြီး သင်ကြားရေးဝန်ထမ်းများ၏ စွမ်းဆောင် ရည် မြှင့်တင်ရန်လည်း လိုအပ်သည်။<br><br>သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနတွင် ထိုသို့ပြုလုပ်ပေးရန်အတွက် ရရှိသော ဘတ်ဂျက်မှာ လုံလောက်မှုမရှိပေ။<br><br>SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီများ လိုအပ် သည်။ သို့မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ | |
| | အထက်တွင် အကြံပြုထားသည့် အကြံပြုချက်အားလုံးမှာ အရေးကြီးသည်။ သို့ရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက တင်ပြသွားသည့် နည်းဗျူဟာ အပေါ် အဓိကအလေးထား လိုပါသည်။ ကဏ္ဍအားလုံးတွင် လိုအပ်ချက် များစွာရှိနေသည်။ ထို့ကြောင့် နိုင်ငံအဝန်းနှင့် သက်ဆိုင်သည့် နည်းဗျူဟာ တစ်ခုလိုအပ်နေပြီး ထိုအတွက် ဝန်ကြီးဌာနအသီးသီးက မည်သူ့တွင် တာဝန်ရှိသည်ကို ဆုံးဖြတ်ရန် လိုအပ်ပါသည်။ SME ဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာ တစ်ခုကို မိမိတို့ | |

| | | |
|---|---|---|
| | လိုအပ်ပါသည်။ ထိုအတွက် မည်သူ့တွင် တာဝန်ရှိသည်နှင့် အချိန်မည်မျှလိုသည်ကို ဆုံးဖြတ်ရန် လိုပါသည်။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းအတွက် နည်းဗျူဟာတစ်ခု ချမှတ်ရန် လိုပြီး ဘတ်ဂျက်စနစ်များ ဟန်ချက်ညီရန်အတွက် PFM တစ်ခုလိုအပ် သည်။<br><br>၂၀၁၂ ခုနှစ်ကစပြီး ပညာရေးနှင့် ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရေးကို မိမိတို့ လုပ်ဆောင်နေခဲ့သည်။ ယခုလောလောဆယ်တွင် ချွတ်ယွင်းချက် ရှာဖွေ ဖေါ်ထုတ်သည့် အစီရင်ခံစာများအား လေ့လာနေပြီး စီမံကိန်း တိုးတက်မှုနှင့် ပတ်သက်၍ လုပ်ဆောင်နေသည်။<br><br>မြန်မာ့ ပြည်သူ့ဘဏ္ဍာငွေ ခေတ်မီအောင်ပြုလုပ်ရေး စီမံကိန်းကို ကြေညာခဲ့ပြီးဖြစ်သည်။ အကောင်အထည်ဖော်သည့် အေဂျင်စီ ၈ ခုလုံးက လက်ရှိတွင် ၎င်းတို့၏ နည်းဗျူဟာအစီအစဉ်များအား ရေးဆွဲနေကြ သည်။ ဘဏ္ဍာငွေကို တိုးချဲ့ရန်နှင့် ရံပုံငွေအား ထိရောက်စွာ အသုံးချမှု သေချာအောင် လုပ်ဆောင်ရန်လိုအပ်သည်။<br><br>စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်လျင် စပါးအပြင် အခြား သီးနှံများ စိုက်ပျိုးရေးကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဆင်းရဲ နွမ်းပါးမှု လျှော့ချရန်အတွက် စပါးတစ်မျိုးတည်းအပေါ် မှီခို၍မရချေ။ စိုက်ပျိုးရေးကို အမျိုးမျိုး ပြောင်းလဲထုတ်လုပ်ရန် လိုအပ်သည်။<br><br>ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေ နှင့် သန့်ရှင်းရေးတို့ အားလုံး အကျုံးဝင်သည့် နိုင်ငံအဝန်း လူမှုအကာအကွယ်ပေးရေး နည်းဗျူဟာတစ်ခု ရေးဆွဲရန် လိုအပ်သည်။ | |
| **လုပ်ငန်းစဉ်** | | |